# The International Criminal Court (ICC) & Myanmar

## နိုင်ငံတကာရာဇဝတ်တရားရုံး (ICC) နှင့် မြန်မာနိုင်ငံ

### အပိုင်း (၂) မျက်မှောက်ကာလစုံစမ်းစစ်ဆေးမှုများ

*ဤအချက်အလက်စာစောင် (အပိုင်း ၂) သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အနည်းဆုံး တစိတ်တပိုင်း ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများနှင့် သက်ဆိုင်၍ ICC ၏ မျက်မှောက်ကာလစုံစမ်းစစ်ဆေးမှုများအကြောင်းပင် ဖြစ်ပါသည်။ အပိုင်း ၁ တွင် ICC အနေဖြင့် မြန်မာနိုင်ငံအတွင်း စီရင်ပိုင်ခွင့် ရရှိနိုင်မည့် အောက်ပါနည်းလမ်းများကို တင်ပြထားပါသည်။*

- *ကုလသမဂ္ဂလုံခြုံရေးကောင်စီက လွှဲအပ်ပေး'ရေး အလားအလာ*
- *မြန်မာနိုင်ငံအနေဖြင့် ICC အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခြင်းနှင့်*
- *ICC '၏ စီရင်ခွင့်ကို လက်ခံကြောင်း မြန်မာနိုင်ငံက ကြေညာချက်တစ်ခု တင်ပြခြင်း*

#### ရိုဟင်ဂျာပြည်သူများအပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်၍ မျက်မှောက်ကာလစုံစမ်းစစ်ဆေးမှုများကို ICC က အဘယ်ကြောင့် ဆောင်ရွက်နိုင်ပါသလဲ?

မြန်မာနိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံ မဟုတ်သေးပါ။ ICC ကို တည်ထောင်ခဲ့သော စာချုပ် ဖြစ်သည့် ရောမသဘောတူစာချုပ်ကို လက်ခံခြင်း မရှိသေးပါ။ ထို့ကြောင့် မြန်မာနိုင်ငံသည် စာချုပ်၏ "အဖွဲ့ဝင်နိုင်ငံ" မဟုတ်ပါ။ ဆိုလိုသည်မှာ မြန်မာနိုင်ငံသည် ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်မခံသေးပါ။ (အပိုင်း ၁ ကို ကြည့်ပါ။)

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၀ ခုနှစ်မှစတင်က ICC ရောမသဘောတူစာချုပ် အဖွဲ့ဝင် နိုင်ငံတခု ဖြစ်ပါသည်။ ICC ၏ တရားစီရင်ပိုင်ခွင့်ကို လက်ခံထားပါသည်။

ရိုဟင်ဂျာများအပေါ် ကျူးလွန်သည်ဟုစွပ်စွဲထားသည့် ရာဇဝတ်မှုများနှင့် ပတ်သက်၍ ICC ၏ တရားစီရင်ပိုင်ခွင့်ကို ရှင်းလင်းပေးပါရန် ၂၀၁၈ ခုနှစ် ဧပြီလတွင် ICC၏ တရားစွဲအရာရှိက ICC တရားသူကြီးများကို လျှောက်ထားခဲ့သည်။ ရိုဟင်ဂျာများကို မူလနေရာမှ နှင်ထုတ်ခြင်းရာဇဝတ်မှုကို ကျူးလွန်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ကျော်လွန်၍ ဖြစ်ပွားခဲ့ကြောင်း တရားစွဲအရာရှိမှ ရှင်းလင်းခဲ့သည်။ သူမက ဘင်္ဂလားဒေ့ရှ်သည် ICC ရောမစာချုပ်အဖွဲ့ဝင် နိုင်ငံတခုဖြစ်ပြီး ထိုရာဇဝတ်မှုများ၏ တစိတ်တပိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်မြေတွင်း ဆက်စပ်ဖြစ်ပွားသောကြောင့် ထိုရာဇဝတ်မှုများအပေါ် ICC တွင် တရားစီရင်ခွင့် ရှိနိုင်သည်ဟု ထောက်ပြခဲ့သည်။ နှင်ထုတ်မှုသည် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုဖြစ်ပြီး၊ ယင်းအခြေအနေသည် နယ်စပ်၏ အခြားတဖက်မှ ပစ်ခတ်လိုက်သော သေနတ်ကျည်သည် တဖက်မှလူတဦးကို ထိမှန်သေဆုံးစေသည်နှင့် တူညီသည်ဟု တရားစွဲအရာရှိက လျှောက်ထားခဲ့သည်။

နှင်ထုတ်မှု ရာဇဝတ်မှုနှင့် အခြားရာဇဝတ်မှုများ၏ တစိတ်တပိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားခဲ့ပါက ထိုရာဇဝတ်မှုများအပေါ် ICC တွင် တရားစီရင်ခွင့်ရှိသည်ဟု ICC တရားသူကြီးများက ၂၀၁၈ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့မှ စတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လုံလောက်စွာဆက်စပ် ဖြစ်ပွားခဲ့သော လူသားများအားဆန့်ကျင်တိုက်ခိုက်သော ရာဇဝတ်မှုအပါအဝင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား စုံစမ်းစစ်ဆေးမှု ဆောင်ရွက်ခွင့်ပြုပေးပါရန် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် တရားစွဲအရာရှိက တရားသူကြီးများကို လျှောက်ထားခဲ့သည်။ အခြေခံလူ့အခွင့်အရေးများကို ပိတ်ပင်ခြင်း၊ သတ်ဖြတ်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အင်အားသုံး အစဖျောက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယက်ခြင်းအပါအဝင် ရိုဟင်ဂျာများကို အစမှနေရပ် စွန့်ခွာစေခဲ့သည့် လုပ်ရပ်များကို လေ့လာစုံစမ်းမည်ဖြစ်ကြောင်း သူမက ပြောကြားခဲ့သည်။ ထို့အပြင် အခြားလူမဆန်သော လုပ်ရပ်များနှင့် လူမျိုးစုဖြစ်ခြင်း သို့မဟုတ် ဘာသာရေးအုပ်စုဝင်ဖြစ်ခြင်းအပေါ် အခြေခံ၍ ဖိနှိပ်ချုပ်ချယ်မှုများကဲ့သို့သော အခြားရာဇဝတ်မှုများအားလုံးကိုလည်း လေ့လာစုံစမ်းပါလိမ့်မည်။

**အနာဂတ်တွင် ဖြစ်လာမည့် ရာဇဝတ်မှုများအပါအဝင်၊** ICC ၏ တရားစီရင်ပိုင်ခွင့်ဘောင်အတွင်းရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်နိမိတ်အတွင်း အနည်းဆုံး တစ်စိတ်တစ်ပိုင်း ဆက်စပ်ဖြစ်ပွားသော မည်သည့်ရာဇဝတ်မှုကိုမဆို စတင်စုံစမ်းစစ်ဆေးရန်အတွက် တရားစွဲအရာရှိကို ICC တရားသူကြီးများက ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ခွင့်ပြုပေးခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့နောက်ပိုင်း ဖြစ်ပွားခဲ့သော

1 — Fact-Finding Mission
2 — Independent Investigative Mechanism for Myanmar
3 — International Criminal Court
4 — International Court of Justice
5 — Universal Jurisdiction

ရာဇဝတ်မှုများသာမက ၂၀၁၀ ခုနှစ် ဇွန်လ ၁ ရက်နေ့ (ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ICC ၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်လာသည့်နေ့) မှ စတင်ကာ ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအားလုံးကို တရားစွဲအရာရှိ အနေဖြင့် အကန့်အသတ်မရှိ စုံစမ်းစစ်ဆေးနိုင်ကြောင်း ICC တရားသူကြီးများက ပြောကြားခဲ့သည်။

## ဖြစ်နိုင်သောနောက်ထပ်အဆင့်များ




တရားစွဲအရာရှိမှ စုံစမ်းစစ်ဆေးမှု တရားဝင်စတင်သည်နှင့် ပြီးဆုံးရမည့် နောက်ဆုံးရက်ကို သတ်မှတ်ထားခြင်း မရှိပါ။ ထို့ကြောင့် နှစ်အနည်းငယ်ကြာမြင့်နိုင်ပါသည်။ တရားစွဲအရာရှိသည် သက်သေအထောက်အထားများကို စုဆောင်းပြုစုမည်ဖြစ်ပြီး ကျူးလွန်သူတဦးဖြစ်စေ သို့မဟုတ် ကျူးလွန်သူအုပ်စုကိုဖြစ်စေ တရားစွဲဆိုရန် လုံလောက်သောအထောက်အထား ရှိမရှိ ဆုံးဖြတ်မည်ဖြစ်သည်။ အကယ်၍ လုံလောက်သော အထောက်အထားရှိပါကတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဖမ်းဆီးမိန့်ဝရမ်းများထုတ်ပြန်ရန် လျှောက်ထားမည် ဖြစ်ပါသည်။ ဖမ်းဆီးမိန့်ဝရမ်းသည် သံသယရှိသူများအား ဖမ်းဆီးပေးရန်အတွက် တရားသူကြီးများက နိုင်ငံများသို့ ရေးသားပေးပို့သော စာရွက်စာတမ်းဖြစ်ပါသည်။ ဖမ်းဆီးမိန့်ဝရမ်းကို အများ သိနိုင်အောင်ကြေညာခြင်း သို့မဟုတ် လျှို့ဝှက် ("ချိတ်ပိတ်") ပေးပို့ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဆိုလိုသည်မှာ ဖမ်းဆီးမိန့်ဝရမ်း ထုတ်ပြန်ခဲ့သည့်တိုင်အောင် အများပြည်သူက မသိရှိခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။

ICC တွင် လူပုဂ္ဂိုလ်များကို ဖမ်းဆီးနိုင်သည့် အာဏာမရှိပါ။ နိုင်ငံများ (အစိုးရများ)ကသာ သံသယရှိသူကို ဖမ်းဆီးနိုင်ပါသည်။ ICC နှင့် ပူးပေါင်းဆောင်ရွက်မည် မဟုတ်ကြောင်းနှင့် သံသယရှိသူ မည်သူကိုမဆို ဖမ်းဆီးမည်မဟုတ်ကြောင်း မြန်မာစစ်တပ်က အတိအလင်း ပြောကြားထားပါသည်။ အကယ်၍ သံသယရှိသူသည် ICC ၏ အဖွဲ့ဝင်နိုင်ငံတခုခုကို ခရီးသွားရောက်သောအခါတွင် ဖမ်းဆီးခံရနိုင်ပါသည် သို့မဟုတ် ဖမ်းဆီးမခံရခြင်းလည်း ဖြစ်နိုင်သည်။ သံသယရှိသူသည် ထိုနိုင်ငံများသို့ စွန့်စားခရီးသွားရန်လည်း ဖြစ်နိုင်ချေ နည်းပါသည်။ **အကယ်၍ သံသယရှိသူများကို ဖမ်းဆီးနိုင်ခြင်းမရှိပါက တရားခုံရုံးလည်း ကျင်းပနိုင်မည် မဟုတ်ပါ။** ICC သည် ရာဇဝတ်မှုများကို ကျူးလွန်သည်ဟု သံသယရှိခံရသူမရှိဘဲ တရားခုံရုံး မကျင်းပပါ။ ထို့ကြောင့် နိုင်ငံရေးအခြေအနေ ကြီးကြီးမားမား ပြောင်းလဲခြင်းမရှိလျှင် (သို့မဟုတ် ပြောင်းလဲသည့်အချိန်အထိ) တရားစီရင်ခြင်း မဆောင်ရွက်နိုင်သည်လည်း ဖြစ်နိုင်ချေရှိပါသည်။

## အရပ်ဖက်လူထုအဖွဲ့အစည်းများက ထိတွေ့ဆောင်ရွက်နိုင်သောနည်းလမ်းများ

အရပ်ဖက်အဖွဲ့အစည်းများက အောက်ပါတို့ကို ဆောင်ရွက်နိုင်ပါသည်။

- ICC အကြောင်း၊ ၎င်း၏ ကန့်သတ်ချက်များနှင့် အကျိုးအမြတ်များကို အများပြည်သူများ သိရှိအောင် ကူညီရှင်းပြရန်
- သတင်းအချက်အလက်နှင့် မှတ်တမ်းများကို တရားစွဲအရာရှိထံသို့ ပေးအပ်ရန်
- သက်သေအထောက်အထားများကို ICC သို့ ပေးပို့နိုင်ရန်အတွက် (IIMM မှတဆင့်ပေးပို့ခြင်းအပါအဝင်) ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများကို အကူအညီပေးရန်။ ထို့အပြင် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် ပတ်သက်၍ ရှင်းလင်းသေချာစွာ နားလည်စေရန် ကူညီပေးရန်။
- ကျူးလွန်သူများ၏ တာဝန်ယူတာဝန်ခံမှု ပုံစံတစ်မျိုးအနေဖြင့် ဖမ်းဆီးမိန့် ဝရမ်းများအား အများသိအောင် ထုတ်ပြန်ပေးရန် (သို့မဟုတ် ထုတ်ပြန်ခြင်း မပြုရန်!) တရားစွဲအရာရှိကို တိုက်တွန်းရေး သုံးသပ်စဉ်းစားရန်။
- ကွင်းဆင်းတွေ့ဆုံလေ့လာမှုများ ဆောင်ရွက်ရေးနှင့် အများသိနိုင်သော သတင်းအချက်အလက်များကို မြန်မာနိုင်ငံ လူမှုအသိုင်းအဝိုင်း အသီးသီးကို အသိပေးဖြန့်ဝေပေးရေးတို့ကို ဆောင်ရွက်ရန် ICC ကို တိုက်တွန်းရန်
- ကျူးလွန်ခံရသူ ရိုဟင်ဂျာအသိုင်းအဝိုင်းကို ကူညီထောက်ပံ့ခြင်း အစီအစဉ်များ စတင်ဆောင်ရွက်ပေးရန် အတွက် ICC ၏ ကျူးလွန်ခံရသူများအတွက် သီးသန့်ရန်ပုံငွေကို စည်းရုံးလှုံ့ဆော်ရန်။

***



1 — Fact-Finding Mission
2 — Independent Investigative Mechanism for Myanmar
3 — International Criminal Court
4 — International Court of Justice
5 — Universal Jurisdiction